
www.burmeseclassic.com

# ဝါတ်ဓေတော်တောင်
# ဘုရားသမိုင်း

ကျောက်ဆည်မြို့နယ်

13



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အမှာ

ဓာတ်တော်ဘောင်ဘုရားသည် ကျောက်ဆည်မြို့နယ်တွင် ရှိပြီး မြန်မာပြည်ရှိ တန်ခိုးကြီး ထင်ရှားကျော်ကြားသော ဘုရားများတွင် အပါအဝင်ဖြစ်ပါသည်။ ရွှေတိဂုံဘုရားသည် ဂေါတမမြတ်စွာဘုရား၏ ဆံတော်အစစ်များကို ဌာပနာ၍ တည်ထားသဖြင့် တန်ခိုးကြီးသည်၊ ရွှေစက်တော်ရှိ ခြေတော်ရာများသည် ဂေါတမမြတ်စွာဘုရား၏ ခြေတော်ရာ အစစ်ဖြစ်သဖြင့် တန်ခိုးကြီးသည်။ ထို့အတူ ဓာတ်တော်ဘုရားသည် ဂေါတမမြတ်စွာဘုရား အပါအဝင် ဘုရားလေးဆူတို့၏ ဓာတ်တော်များ [illegible]ဝပ်ရာ ဘုရားလေးဆူနှင့်တကွ ရဟန္တာအရှင်မြတ်များ သိတင်းသုံးခဲ့သော လိုဏ်ဂူတော် ဖြစ်သဖြင့် တန်ခိုးကြီးသည်။

ဓာတ်တော်ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း (၈) ရက်နေ့မှ တပေါင်းလပြည့်နေ့ အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။ ဘုရားပွဲတော်ကို ကျောက်ဆည်မြို့နယ် ပြည်သူ့ကောင်စီ၏ ကြီးကြပ်မှုဖြင့် နာယက ဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့မှ တာဝန်ယူ ကျင်းပသည်။ ဘုရားပွဲတော်ကာလ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွင် မြန်မာပြည်အရပ်ရပ်မှ(အထူးသဖြင့် အထက်မြန်မာပြည်မှ) လာရောက် ဖူးမြော်ကြသဖြင့် ကြက်ပျံမကျ စည်ကားလှသည်။

ခေတ်တော်တောင်ဘုရားသမိုင်းကိုဂေါပကအဖွဲ့မှ ၁၉၆၉ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ယခုအခါ ယင်းသမိုင်း စာအုပ်များ လုံးဝ လက်ကျန်မရှိတော့ပါ။ ဘုရားဖူးလာ ဗုဒ္ဓဘာသာ ဝင် သူတော်စင်များမှာ ဘုရားသမိုင်း စာအုပ် ရလိုသဖြင့် မေးကြသည်။ ဘုရားဖူး ပရိသတ်များအနေဖြင့် ခေတ်တော်တောင် ဘုရားသမိုင်းကို သိလိုကြသည်။ ဘုရားလူကြီးများ၏ပြောပြချက်ဖြင့် မရောင့်ရဲကြပါ။ ထို့ကြောင့် ဘုရားဖူးပရိသတ်များ၏ အာသာ ဆန္ဒကိုလည်း ဖြည့်ဆည်းနိုင်စေရန်၊ခေတ်တော်ဘုရား သမိုင်းဆိုင်ရာ အချက်အလက်များလည်း မတိမ်ကောစေရန်နှင့် ဗုဒ္ဓဘာသာ သာသနာတော်ကြီး အဓွန့်ရှည်စေရန် တို့အတွက် ဤသမိုင်းစာအုပ်ကို ပြန်လည် မွမ်းမံလျက် ထုတ်ဝေရပါသည်။

ဘုရားသမိုင်းများသည် ထူးကဲ ဆန်းကြယ် အံ့ဖွယ်များဖြင့် ပြည့်စုံကြပါသည်။ ဤခေတ်တော်ဘုရားသမိုင်းသည် ပို၍ အံ့ဖွယ်သရဲ ထူးကဲသည်ဟု တင်ပြပါသည်။ဘုရားဖူးလာ သူတော်စင်များသည်အဘယ့်ကြောင့်အံ့ဖွယ်သရဲ ထူးကဲ ရသည်ကို ဘုရားသမိုင်းကိုဖတ်ကြည့်သောအခါ သိရမည်ဖြစ်ပါသည်။

ခေတ်တော်တောင်သည် ပေ ၁၀၀၀ ခန့်သာ မြင့်မားသည်။ တောင်ခြေမှတောင်ပေါ်သို့တက်ရာ စောင်းတန်းများ မရှိသော်လည်း ကျောက် လှေကားများ ရှိပါသည်။ ဘုရားဖူးများတွင် အသက်အရွယ် ကြီးရင့်သူ သူတော်စင်များပင် တက်နိုင်ကြပါ



သည်။ တောင်ပေါ်တက်ရာတွင် အနည်းငယ် ပင်ပန်းသူများ တွေ့ရသော်လည်း ခေတ်တော် လိုဏ်ဂူထဲသို့ ရောက်သောအခါ တက်လာစဉ်ကလို ပင်ပန်း သမျှ တို့သည် လုံးဝ ပျောက် ကွယ် သွားတော့သည်။ အေးမြပြီး စိတ်ချမ်းသာ သွားတော့သည်။ နတ်ပြည်သို့ လည်းကောင်း၊ ဘုံဗိမာန် တခုခုသို့ လည်းကောင်း ရောက်နေသည့်အလား ခံစားရတော့သည်။မြတ်စွာဘုရားရုပ်ပွားတော်ကို ကြည်ညိုစွာ ဖူးမြော်ရခြင်း၊ လိုဏ်ဂူတော်၏ ဆန်းကြယ်ခြင်း၊ အေးမြခြင်းတို့ကြောင့် လိုဏ်ဂူ ထဲကပင် မထွက်ချင်နိုင်အောင် ရှိတော့သည်။

ထို့အပြင် ဘုရားခေတ်တော်သမိုင်းကိုဖတ်ရခြင်းသည် ဗုဒ္ဓဝင် ဖတ်ရသည့်အလား ဗုဒ္ဓဘာသာ ဝင်သူတော်စင်တို့ သိသင့်သိထိုက်သည့် ဗုဒ္ဓဝင်၏ အဓိကအချက်များကို သိရှိရပေမည်။ ဤခေတ်တော်တောင် သမိုင်းသည် ၁၉၆၉ ခုနှစ်က ဦးသုမန စီစဉ်ပုံနှိပ်ထုတ်ဝေခဲ့သောစာမူကို ယခုခေတ် သာမန် ပုဂ္ဂိုလ်များ နားလည်လွယ်အောင် ပြင်ဆင်တည်းဖြတ် ထားပါသည်။ သို့ရာတွင် မူလအဓိပ္ပာယ်လည်း မပျက်ပြယ်ရလေအောင်နှင့်ကြည်ညိုဖွယ်လျော့ပါး မသွားနိုင်စေရန်တို့အတွက် ယခုခေတ် စာသားမျိုးဖြင့်ပြုပြင်ပြောင်းလဲခြင်းမျိုးကိုကား မပြုလုပ်ပါ။ခေတ်တော်တောင်သမိုင်းလာ ရှေးမူဟောင်းများကိုမပျက်စီးစေရန် ထိန်းသိမ်း ရေးသားထားပါသည်။ ခေတ်တော်တောင် သမိုင်း၏ နောက်ပိုင်းတွင် လိုဏ်ဂူတော်၏ အံ့ဖွယ် ကိုးပါးကိုပါ ထည့်သွင်း ရေးသားထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤခေတ်တော်တောင် သမိုင်းစာအုပ်ကို နာယကဆရာတော်ကြီးများ ခွင့်ပြုချက်ဖြင့် ဂေါပကအဖွဲ့၏ တာဝန်ပေးချက်အရ ကျွန်တော့်အနေဖြင့် ပြုစု ပုံနှိပ်ခွင့် ရရှိသည့်အတွက် ဖော်မပြနိုင်လောက်အောင် ကြည်နူးဝမ်းမြောက်လှပါသည်။

ကျွန်တော်သည် စာရေးဆရာတဦး မဟုတ်သည့်အပြင် ရုံးတာဝန်များဖြင့် မအား မလပ်သည့် အထဲမှ စေတနာအရင်းခံဖြင့် စီစဉ် ထုတ်ဝေ ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်တွင် ချွတ် ယွင်း ချက်၊ မှားယွင်းချက်များ ရှိနိုင်ပါသည်။ အကယ်၍ ချွတ်ယွင်းချက်၊မှားယွင်းချက်များတွေ့ရှိရပါက ကျွန်တော့်အား ခွင့်လွှတ်ကြပါရန် တောင်းပန်အပ်ပါသည်။

ဤဘုရားသမိုင်းကို ဖတ်ရှုရသော ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြကုန်၍ မိမိတို့ လိုလားအပ်သော၊ တောင့်တအပ်သော ဆုကြီးများနှင့် ပြည့်စုံ ကြပါစေဟု ဆုတောင်း ပတ္ထနာ ပြုအပ်ပါသည်။

ခေတ်တော်တောင်ဘုရား ဂေါပကအဖွဲ့(ကိုယ်စား)

ဦးမြင့်ဝေ

ဒု ရုံး အ ဖွဲ့ မှူး၊

မြို့နယ် ပြည်သူ့ ကောင်စီ၊

ကျောက်ဆည်မြို့။

ခေတ်တော်တောင် ဘုရားသမိုင်း

လိုဏ်ဂူတော်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူခြင်း

ဇေယျတု သဗ္ဗမင်္ဂလံ- မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေသတည်း။

ဘိုးတော် ကဉ္စနမင်းကြီးသည် သက္ကရာဇ် ၈၆၄၅ ခုနှစ်ကို ဖြိုခွင်းပြီးသည့်နောက် သက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့ ဥတ္တရာသဠ်နက္ခတ်နှင့်လနက္ခတ် စန်းယှဉ်သော သန်းခေါင်ယံ အချိန်တွင် ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ တောင်နန်းမဒေဝီ၊မဟေသီ မိဖုရားကြီး သီရိမဟာမာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စံနေတော်မူလေသည်၊ သက္ကရာဇ် ၆၈ ခု ဥဘုဂ်မန္တ ကဆုန်လပြည့်၊ သောကြာနေ့ နံနက် တချက်တီး အချိန်တွင် သိဟ်လင် ဗြိစ္ဆာစန်း ဝိသာခါ နက္ခတ်နှင့် ယှဉ်လျက် လုမ္ဗိနီသာမော အင်ကြင်းတော၌ ဘုရားအလောင်းတော် မင်းသားကို မိခင်ဝမ်းမှ ဖွားမြင်တော်မူသည်။ အရွယ်တော်သို့ ရောက်သောအခါ ဒေဝဒဟပြည့်ရှင် ဘုရင် သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ကဉ္စန ယသော်ဓရာနှင့် စုံဖက်တော်မူ၍ သက္ကရာဇ် ၉၇ ခု ဝါဆိုလ်တွင် သားတော် ရာဟုလာကို ဖွားမြင်တော် မူပြီးလျှင် တောထွက်တော်မူသည်။

သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပြီး ၄၅ ဝါ စေ့ခါတိုင်တိုင် ကျွတ်ထိုက်ကုန်သော ဝေနေယျာတို့ကို ကိုယ်တော်တိုင် အပင်ပန်းခံတော်

www.burmeseclassic.com



မူ၍ အမင်းမင်းတို့နေရာ အမြိုမြိုသော အရပ်ဒေသများသို့ ဒေသစာရီကြွချီတော်မူလျက် တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးတော်မူလေသည်။ ထိုအခါ ဂေါတမဘုရားရှင်သည် ဂန္ဓာလတိုင်းမှသည် ဤအရပ်ဒေသသို့ ဒေသစာရီ ကြွချီရောက်တော်မူခဲ့ပြီး ဤဓာတ်တော်တောင်ရှိ လိုဏ်ဂူတော်သို့ ရောက်ရှိတော်မူခဲ့ပြီး သီတင်းသုံး စံပယ်တော်မူခဲ့လေသည်။

## ခိုမင်း၊ ကျေးမင်း၊ ဆင်မင်းနှင့် စိုင်ညီနောင်တို့ သရဏဂုံ၌တည်ခြင်း

ဂေါတမမြတ်စွာဘုရားအရှင်သည် ဤလိုဏ်ဂူတော်အတွင်း၌ သီတင်းသုံး စံပယ်တော်မူသောအခါ စိတြဂီဝါခိုမင်း၊ ပံသုဗုဒ္ဓိကျေးမင်း၊ နာဋ္ဌက ဆင်မင်းနှင့် စိုင်ငယ်ညီနောင် တို့သည် ဘုရားရှင်ကို ဖူးမြင်ရကြသဖြင့် အလွန် ကြည်လင်ရွှင်လန်းသော ပီတိစေတနာတို့ဖြင့် နေကြလေကုန်၏၊ နာဋ္ဌက ဆင်မင်းသည် ကြာမျိုးငါးပါးတို့ဖြင့် ဘုရားရှင် ကြွချီတော်မူရာတွင် ဖြန့်ကြဲ ပူဇော်၏။ စိတြဂီဝါ ခိုမင်းသည် မုလေးပန်းဖြင့် ပူဇော်၏။ စိုင်ငယ်ညီနောင်တို့သည် မုယော့စပါး အနံ့အပွင့်တို့ဖြင့် ပူဇော်ကြကုန်၏။ ထိုအခါ ဤတောင်၏ အမည်မှာ ကုမုဒတောရိပ်ဟု ခေါ်လေသည်။ ဤတောင်တော်မှ တာနှစ်ထောင် ကွာသော အရပ်တွင် ပျူ၊ ကမ်းယံလူမျိုးတို့ နေထိုင်ကြကုန်၏။ ထိုလူများတို့သည် ဘုရားရှင်ကို ဖူးတွေ့ကြရကုန်သဖြင့် အလွန် ရွှင်လန်းစွာ တရားတော်ကို နာကြပြီးလျှင် သရဏဂုံ၌ တည်ကြလေကုန်၏။



## ကကုသံဘုရား ဝါကပ်တော်မူခြင်း

ဘုရားသခင်သည် အထိုက်အလျောက်သော တရားတော်တို့ကို ဝေနေယျာတို့အား ဒေ၊စဉ် သနားသဖြင့် ဟောကြားတော်မူပြီးလျှင် အရှင် အာနန္ဒာ မထေရ်အား ဤသို့သော ဗျာဒိတ်တော်စကားကို မိန့်တော်မူ၏။ "ချစ်သား အာနန္ဒာ၊ ဤမည်သော တောင်၏ လိုဏ်ဂူတော် အတွင်းဝယ် ရတနာကျောက်များထက်၌ ငါဘုရားသာ ရောက်တော်မူသည် မဟုတ်၊ ရှေးလွန်လေပြီးသောအခါ အသင်္ချေယျ ကမ္ဘာထက်၌ မဟာဗောဓိ ကုက္ကိုပင်ရင်း ရတနာပလ္လင်ထက်တွင် ပွင့်တော်မူသော ကကုသံ မြတ်စွာဘုရားသည် ဤဓာတ်တော် လိုဏ်ဂူတော်တွင် ဝါကပ်တော် မူခဲ့လေသည်။ ထိုဘုရားရှင်နှင့် တကွ အသီတိ ရဟန္တာမထေရ်တို့သည် ဤတောင်၌ပင် သီတင်းသုံးတော်မူကြကုန်သည်။ ဤအရပ်မှ တာ ခြောက်ရာငါးဆယ် ကွာသော အရပ်၌ မင်းနေပြည်တော်ကြီးသည် အလွန် သာယာ စည်ပင်လျက် တည်ရှိခဲ့ကုန်သည်။ ထို ကကုသံဂုံမြတ်စွာ ဘုရားရှင်၏ သပိတ်တော်နှင့်တကွ ဓာတ်တော်တို့သည် တည်ရှိကုန်၏။

## ကောဏာဂုံမြတ်စွာဘုရား သီတင်းသုံးတော်မူခြင်း

ကကုသ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ပြီး အသင်္ချေယျ တန်းကုန်ပျောက်ခဲ့ပြီးနောက်ကပ်တသိန်းထက်၌ကောဏာဂုံမြတ်စွာဘုရားသည် ရေသဖန်းပင်ရင်း ရတနာပလ္လင်ထက်၌ ပွင့်တော်မူလေသည်။ ထိုဘုရားရှင်နှင့်တကွ များစွာကုန်သော သာဝက

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာမထေရ်မြတ်တို့သည် ဤတောင်သို့ လာရောက် သီတင်းသုံးတော်မူကြကုန်၏၊ ထို ကောဏဂုံမြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်တို့သည် ဤတောင်၌ တည်ရှိတော်မူခဲ့လေကုန်သည်။

## ကဿပဘုရားရှင် ရောက်တော်မူခဲ့ခြင်း

ထိုကောနဂုံ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ကပ်ကမ္ဘာ တသိန်းလွန်သောအခါ ဿောင်းတန်းကမ္ဘာထက်၌ မဟာဗောဓိ ပညောင်ပင်ရင်း ရတနာပလ္လင်ထက်၌ ကဿပဘုရားရှင်သည် ပွင့်တော်မူခဲ့လေသည်၊ ထိုကဿပ ဘုရားရှင်နှင့်တကွ ရဟန္တာ မထေရ်မြတ်တို့သည်။ ဤ တောင်တော်အရပ်သို့ ရောက်တော်မူကြကုန်၏။ ထိုကဿပဘုရားရှင်၏ သရီရ ဓာတ်တော် မွေတော်တို့သည် ဤဓာတ်တော် လိုဏ်ဂူတော် အတွင်း ရတနာ အတိပြီးသော လိုဏ်ဂူဝတွင် ကိန်းဝပ်တော်မူကုန်၏။

ဂေါတမ မြတ်စွာဘုရားရှင်သည် ဤသို့အားဖြင့် ရှေးဘုရားရှင်တို့သည် ဓာတ်တော်တောင်သို့ ရောက်တော် မူခဲ့ကြောင်း မိန့်တော်မူပြီးနောက် ဤအရပ်၌ နောင် ငါဘုရား၏ သာသနာတော်သည် အထင်အရှား ဖြစ်တော်မူလျက် သာသနာ ငါးထောင်တိုင်တိုင် တည်ကုန်လတ္တံ့ဟု မိန့်တော်မူလေသည်။

## နတ်ရေကန်

နတ်ပြည် ခြောက်ရွာကို အစိုးရသော သိကြားမင်းသည် ဘုရားရှင်လိုဏ်ဂူတော်သို့ ကြွရောက်လာသည်ကို သိကုန်သဖြင့် ဘုရားရှင်၏ မျက်နှာသင်တော်ရေ၊ သောက်တော် ရေ၊ လက်



ဆေးတော်ရေ၊ သုံးဆောင်တော်ရေ၊ ခြေဆေးတော်ရေ၊သန့်စင်တော်ရေတို့နှင့်တကွ ကိုယ်တော်သုံး သပ္ပာယ်ရန် နတ်ရေကြည်တို့ကို လူတို့မြင်အပ်သော နေရာဖြစ်သော တောင်တော်အထက် လိုဏ်ဂူဝ၏အလယ်၌ အလွန် သန့်စင်ကြည်လင်စွာသော ရတနာတို့ဖြင့် ကာရံလျက် နတ်ရေကန်ကို မိဋ္ဌာန်ဖြစ်ပေါ်စေ၏။ ထိုနတ်ရေကန်မှသည် နတ်ရေစင်တို့ကို လိုဏ်ဂူအတွင်းသို့ တသွင်သွင် စီးဆင်းစေကုန်သည်။

(လိုဏ်ဂူတော်အထက် တောင်ပေါ်၌နတ်ရေကန်ရှိပါသည်။ လိုဏ်ဂူတော်၏ တောင်ဘက်ဘေးမှ တက်သွားလျှင် ရောက်နိုင်ပါသည်။ ထုတ်ဝေသူ။)

သိကြားမင်းသည်လိုဏ်ဂူဝမှရပ်လျက် ကုတာယာမနတ်၊ ငါန်းဇွန်နယ်ပိုင်သောနတ်၊ ဇီးကုန်းနတ်၊ သင်တောင်းနယ်ပိုင်သောနတ်၊စွန်ရဲနယ်ပိုင်သောနတ်၊ရဲဘော်နယ်ပိုင်သောနတ်၊မြေစိုနတ်၊ ကိုးတောင်နဘ်၊စတဲနတ်မင်းကြီးတို့ကို ခေါ်ပြီးလျှင် ဤအရပ်၌ မပြတ် စောင့်ရှောက်ကြကုန်၊ နတ်ဘုရတို့ကိုလည်း မပြတ် စောင့်ရှောက်ကြကုန် စသည်ဖြင့် နေရာအသီးသီးကို စောင့်ရှောက်ရန် မှာကြားပြီးလျှင် ဘုရားရှင်၏ ခြေတော်ရင်း သင့်တင့်သော အရပ်၌နေလျက် ဘုရားရှင်ကို ပူဇော်ကန်တော့ပြီးမှ မိမိနေရာသို့ ပြန်လေ၏။

## ခိုမင်း၊ ကျေးမင်း၊ ဆင်မင်း၊ စိုင်ညိုနောင်တို့ကို ဗျာဒိတ် ပေးတော်မူခြင်း

ဘုရားသခင်သည် ခိုမင်း၊ ကျေးမင်း၊ ဆင်မင်းနှင့် စိုင်ညိုနောင်တို့ကို ဤသို့ ဗျာဒိတ် ထားတော်မူ၏။ စိတြဂီဝါ ခိုမင်း

www.burmeseclassic.com



သည် ငါဘုရား သာသနာတော် လွန်ပြီးနောက် အနှစ် နှစ်ရာငါးဆယ့်ခြောက်ခုနှစ်ရောက်သောအခါ သီဟိုဠ်ကျွန်းဝယ် အစိုးရသောမင်း ဖြစ်သတည်း၊ ထိုမင်းလက်ထက်၌ ငါ၏သာဝက ဖြစ်သော ရှင်မဟိန္ဒမထေရ်သည် သာသနာတော် ပြန့်ပွားစေခြင်းငှာ၊ သထုံပြည်မှသည် ဤအရပ်သို့ ရောက်တော်မူကုန်အံ့။ ပံသုဗုဒ္ဓိ ကျေးမင်းသည်လည်း ငါဘုရား သာသနာတော် လွန်ပြီးနောက် အနှစ်သုံးရာနှစ်ဆယ့်ကိုးခုတွင် အရိမဒ္ဒနာပုဂံရာမဟု ခေါ်ဆိုသော ပေါက္ကံပြည်တွင် အလွန်တရာ ထင်ရှားကျော်စောသော မင်းဖြစ်လတ္တံ့။ ထိုမင်းသည် ဤတောင်တော်ကို လာရောက်၍ ငါဘုရား၏ သာဝကဖြစ်သော အရှင် အရဟံ ရဟန္တာ မထေရ်သည် သထုံပြည်မှသည် သာသနာတော်ကို ပြန့်ပွားစေခြင်းငှာ၊ ပေါက္ကံပြည်သို့ ရောက်တော်မူလတ္တံ့။ ထိုအခါ ဤတောင်တော်နှင့် တကွ အရပ် ပတ်ဝန်း ကျင် တို့၌ သာသနာတော် စည်ပင်သာယာကုန်အံ့။ နာဋကဆင်မင်းသည် နောင် သာသနာ နှစ်ထောင်ကျော်သောအခါ ဤအရပ်၌ ထင်ပေါ် ကျော်စောသော မင်းဖြစ်လတ္တံ့။ ထိုအရပ်တွင် သာယာဝပြောကုန်လျက် ငါ၏သာသနာတော်သည် ထွန်းသစ်သော နေမင်းကဲ့သို့ပင် ပွင့်လင်းကုန်အံ့။ စိုင်ညီနောင်တို့သည်လည်း ဤမည်သောအရပ်၌ နေ၍ မင်းနေပြည်တော်ကို တည်ကြကုန်လတ္တံ့။ ထိုမင်းတို့သည် သာသနာတော်ကို အမြဲနှံ့ရှည်စွာ တည်မြဲစေ၍ အနှစ် ငါးထောင်တိုင်တိုင် တည်တံ့စေခြင်းငှာ ဇေယျာဂီရိတောင် နံရံတို့တွင် မြို့ပြတည်ကြကုန်လတ္တံ့ဟု ဗျာဒိတ်တော်ရှိ လေသည်။



## ပထမ သံဂါယနာတင်ခြင်း

ဂေါတမ မြတ်စွာဘုရား သခင်သည် သက်တော် ရှစ်ဆယ် ဝါတော် လေးဆယ့်ငါးတိုင်တိုင် ကျွတ်ထိုက် သမျှ ကုန်သော ဝေနေယျတို့အား ရင်သွေးတော်မခြား၊ သားတော်ရာဟုလာ အလားကဲ့သို့ သနားတော်မူလှသဖြင့် ကျွန်းဇမ္ဗူအဆုံး ယောင်းလုံးတိုက် စကြဝဠာ ခေတ်အာဏာဝယ် အမင်းမင်းတို့နေရာ အမြို့မြို့သော အရပ်များသို့ ဒေသစာရီ ကြွချီလျက် တရားဓမ္မများ ဟောကြားကာ များလှစွာသော သတ္တဝါတို့ကို မဂ်ဖိုလ်သို့ ရောက်အောင် တရားရေအေး တိုက်ကျွေးတော်မူပြီး ကုသိနာရုံ မာလာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် စံဝင်တော်မူလေသည်။ ဤသို့ ပရိနိဗ္ဗာန်စံပြီးနောက် လေးလမြောက်သော အခါ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရ မင်းကြီး၏ သားတော် အဇာတသတ်မင်း အမှူးပြု၍ သက္ကရာဇ် တစ်ရာလေးဆယ့်ရှစ်ခု၊ ဝါခေါင် လပြည့်ကျော် ငါးရက်နေ့၌ အရှင်မဟာ ကဿပ အမှူး ရှိသော ရဟန္တာမြတ် ငါးရာတို့သည် ခုနစ်လပတ်လုံး ပထမ သံဂါယနာ တင်တော်မူကြသည်။

## သာသနာသက္ကရာဇ်စခြင်း

ထိုအခါ ရှင်မဟာကဿပအား အဇာတသတ် မင်းသည် ဤသို့ နားတော်လျှောက်၏။ "ဘုရားရှင်သာသနာတော်သည် အနှစ်ငါးထောင် တည်ရစ်မည်ဟု ဗျာဒိတ်တော် ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်နှင့် ယခု သက္ကရာဇ်မညီပါ၊ သက္ကရာဇ် ၁၄၈ ခုကို ချေ၍ တခု ကြွင်းထားတော်မူ မှသာ သာသနာတော်နှင့် သက္ကရာဇ် ညီပါမည်”ဟု နားတော်လျှောက်သည်။ အရှင်မဟာကဿပမထေရ်သည် သက္ကရာဇ် ၁၄၈ ခုကို ချေတော်မူ၍ တခု ကြွင်းထားတော်မူသည်။ သံဂါယနာ တင်တော် မူပြီးလျှင် ရဟန္တာမြတ်တို့သည် ဇမ္ဗူဒီပါ ကျွန်းသို့ သာသနာ စည်ပင်ပြန့်ပွားစေခြင်းငှာ အမြို့မြို့ အရပ်ရပ်သို့ ကြွချီတော်မူကြကုန်သည်။ ဘုရားရှင်ရောက်တော်မူသော နေရာတိုင်းတို့၌ ရဟန္တာမြတ်တို့သည် ဝါကပ်တော်မူကြသည်။

## အရှင်မဟာကဿပမထေရ် ရုပ်ပွားတော် တည်ထားခြင်း

ထိုအခါ ဤ ခတ်တော်တောင်လိုဏ်ဂူတော်သို့ အရှင်မဟာကဿပမထေရ် အမှူးရှိသော ရဟန္တာမထေရ်မြတ်တို့သည် ကြွချီတော်မူကြကုန်၏။ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမထေရ်မြတ်တို့သည် ရာဇဂြိုဟ်ပြည်အနီး စရည်းပင် ရောက်ရာ နန္ဒမူလိုဏ်ဂူကဲ့သို့သည်းကောင်း၊ ဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံမာလာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ညီတော်အာနန္ဒာ ခင်းခြယ်အပ်သော ရတနာကျောက်ဖျာ ပလ္လင်တော်ထက်၌ မြတ်စွာဘုရား သခင်သည် ဥတ္တရဂုရု မြောက်အရပ်သို့ ဦးခေါင်းတော်ပြုတော်မူလျက် ပစ္ဆိမဒိသာ အနောက် အရပ်သို့ မျက်နှာတော်လှည့်ထားပြီးလျှင် လက်ယာတော်နံပါးဖြင့် ကျိန်းစက်တော်မူရာ ပရိနိဗ္ဗာန် စံဝင်တော် မူဟန်ကို နောင်အခါ



သာသနာတော် အတွင်း၌ မဖူးမတွေ့ရဖူးကုန်သော ဝေနေယျပုဂ္ဂိုလ် အပေါင်းတို့အား သက်တော်ထင်ရှား ဘုရားသခင်ကို ဖူးတွေ့ရသည့်အလား သာသနာငါးထောင်တိုင်တိုင် တည်တံ့စေခြင်းငှာ ရည်သန်တော်မူကုန်လျက် ရဟန္တာမထေရ်မြတ်တို့၏ တန်ခိုးတော်ဖြင့် ရုပ်ပွားတော်ကို မိဋ္ဌာန်တော် မူကြလေသည်။ ထိုအခါ သိကြားမင်းနှင့်တကွ စတုလောကပါလ နတ်မင်းကြီးတို့သည်လည်းကောင်း၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ တောင်စောင့်နတ်၊ တောစောင့်နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ စသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ချက်ချင်း သက်ဆင်း ရောက်ရှိလာကြကုန်လျက် လိုဏ်ဂူအတွင်း၌ ဘုရားရှင် ရုပ်ပွားတော် ကိုလည်းကောင်း၊ လိုဏ်ဂူဝ၌ စရည်းပင်ကို လည်းကောင်း တခဏချင်း ဖန်ဆင်းစိုက်ထူလိုက်ကြပြီး ပူဇော်ကြကုန်၏။ ထိုစရည်းပင်ကို နတ်တို့စိုက်ထူသောကြောင့် နတ်ပန်းသက္က မဋ္ဌူဟု ခေါ်ကြကုန်သည်။ စရည်းပင်ကို သက္က အမည် ရှိသော သိကြားမင်းသည် မေဇ္ဇဒေဝ နတ်တိုင်းမှ ယူခဲ့ပြီး ဘုမ္မာဒေဝါ နတ်တို့နှင့် ထိုသိကြားနတ်မင်းကြီးတို့ စိုက်ထူကြလေကုန်၏။ ယင်းသို့ စိုက်ထူကြောင်း သိရလေအောင် မဋ္ဌူသက နတ်ပန်းပင်ဟု သမုတ်ကြလေသည်။ ဤအရပ်၌ ရှေးအခါက နဂါးမင်း၊ နတ်မင်း၊ ဝိဇ္ဇာ၊ ဇော်ဂျီခြံရံကုန်သော ရသေ့ရဟန်းသူတော်မြတ်တို့ အလွန်ပျော်မွေ့ကြကုန်သည်။

(ထိုမဋ္ဌူသကနတ်ပန်းပင်သည် လိုဏ်ဂူဝတွင်တည်ရှိခဲ့သည်။ ၁၃၃၀ ခုနှစ် ပတ်ဝန်းကျင် ကျမှသာလျှင် ယင်းအပင်သည် ခြောက်သွေ့ပြီး ပြိုလဲသွားခဲ့သည်။ ။ထုတ်ဝေသူ)

www.burmeseclassic.com

www.burmeseclassic.com



## ကတိုးရေထွက်နှင့် သပြေရေထွက်များ။

ကုတာ အမည်ရှိသော နတ်နဂါးနှင့် ယာမာအမည်ရှိသော နတ်နဂါးမတို့သည် ဤအရပ်သို့ လာရောက်၍ ရဟန္တာမထေရ် မြတ်တို့ထံဥပုသ်သီလဆောက်တည်ကြကုန်၏။ နတ်နဂါးတို့သည် ဘုရားကိုယ်တော်ကြီးကို ဖူးမြော်ကြည်ညိုရန် လာကြကုန်သော သူအပေါင်းတို့အား မငြိုမငြင် သောက်သုံးနိုင်စေရန် အတွက် ရေအများရရှိရန် ရေအိုင်ရေသွက်တို့ကို နဂါးပြည်မှ နေ၍ ရေကြောကို ဥမင်ပြုပြီး ဖန်ဆင်း ကုန်သည်။ ထိုအရပ်ကို ကုဋ္ဌာရေထွက် (ရေပွတ်) ဟု ခေါ်ဆိုကြကုန်၏၊ ယခုအခါ ကာလ ရွေ့လျော လာသဖြင့် ကတိုးရေထွက်ဟု ခေါ်ဆို ကြကုန်၏။

(ကတိုးရေထွက်သည် ေ ာင်ခြေစောင်းတန်း၏မြောက်ဘက် နှစ်ဖါလုံခန့်ဝေးသောနေရာတွင်တည်ရှိပြီး ရေထွက်တွင်သုံးနေရာ တို့မှ မြေအောက်မှ ရေများပွက်ထွက်နေသည်။ ယင်းရေများကို မြောင်းများဖြင့် သွယ်ပြီး ဘုရားဖူးများချိုးရန် ကန်များဖြင့် ဆည်ယူထားရှိပါသည်။ ယင်းရေထွက်မှာ ရေထွက် အတော် များသဖြင့် သောက်သုံး မကုန်နိုင်ပါ။ ယင်းရေထွက်များကို အမည်ပြု၍ ယခုအခါ ကတိုးရွာဟူ၍ တည်ထောင်ထားသည်။ တဖန် ခေတ်တော်တောင်ခြေ စောင်းတန်းအနီး၌ သပြေ ရေ ထွက် ရှိသည်။ ယင်း ရေသည်သည်း မြေအောက်မှ အလို အလျောက် ထွက်နေသည်။ သပြေပင်ခြေမှထွက်သဖြင့် သပြေ ရေထွက်ဟု ခေါ်သည်။ ယခုအခါ ယင်းနေရာတွင် စေတီ



တည်ထားသဖြင့် စေတီအောက်မှ ထွက်လျက် ရှိသည်။ ယင်း ရေကိုသွယ်ယူပြီး ဘုရားဖူးများသောက်သုံးရန်အတွက် ကန်များ ဖြင့် ဆည်ယူထားရှိပါသည်။ ။ထုတ်ဝေသူ)

## ကုမုဒအိုင် (စွန်ရဲအင်း)

အာဠဝါယက္ခ အမည်ရှိသော နတ်မင်းကြီး၏သားတပည့် ဖြစ် ကြကုန်သော ငါးရာသောနတ်ဘီလူးတို့ပျော်မွေ့ရာ အိုင်ကြီးတခု လည်း ခေတ်တော်တောင်၏ အနောက်မြောက်ယွန်းအရပ်တွင် တည်ရှိလေသည်။ ထိုရေအိုင်ကို ယခုအခါ စွန်ရဲအင်းဟုခေါ်ဆို ကြပါသည်။ ရှေးအခါက ကြာမျိုးငါးပါးတို့ဖြင့် ပြည့်စုံပြီး အလွန်သန့်ရှင်းစင်ကြယ် ကြည်လင် တောက်ပခြင်း ရှိကုန်၏။ ထိုအင်းသည် စွန်ရဲအရပ်မှသည် ယခု သင်တောင်းတောင်လွဲဟု ခေါ်သောအရပ်သို့ တိုင် ရွှေတောင်တီးမြို့သို့ အရောက် တည်ရှိ ခဲ့သည်။ ထိုအိုင်ကို ရှေးအခါက ကုမုဒအိုင်ဟု ခေါ်သည်။ ထိုနတ်ဘီလူး တို့သည် ခေတ်တော် ရတနာတိုက်နှင့် တကွ ထို တောင်တော်ကို အမြဲမပြတ်စောင့်ကြပ်ရကုန်သည်။

## ဘုရားလေးဆူတို့၏ ခေတ်တော်များ ကိန်းဝပ်ရာ လိုဏ်ဂူတော်။

ရှေးကမ္ဘာတည်ဦးက ဗောဓိခြောက်ဖြာ ဘုရားပွင့်တော် မူရာ မဟာဇနကမြေနှင့်တကွ ရှေးဦးစွာ ပေါ်ထွက်၍ ကမ္ဘာ ပျက်သောအခါ နောက်ဆုံးမှပျက်ရသော မဟာဇနကမြေကဲ့သို့ လည်းကောင်း၊ ဂိရိပဗ္ဗတ အစ ရှိသော တောင်တကာတို့ထက် တောင်စဉ်ခုနစ်ဖြာ သီတာခုနစ်တန် ဝန်းပတ်ရံ၍ အလျှံပြိုးပြက်

www.burmeseclassic.com



တခဲနက်သောရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ယုဂန္ဓိုရ်၊ မဟာမြင့်မိုရ်တောင်အလား မျှားစွာကုန်သော တောင်တကာတို့၏အလယ်၌ တင့်တယ်စွာသော တောင်မင်းကြီးလည်း ဖြစ်သော တောင်ကြီးတောင်ငယ် အသွယ်သွယ်တို့သည် လက်ဝဲလက်ယာဝန်းရံပတ်ကာလျက် တည်ရှိသော တောင်တော်ကြီး ဖြစ်ပါပေ၏။ ထိုတောင်မင်း၏အပေါ်တွင် အံ့ဖွယ်သရဲ ထူးကဲလှစွာသော လိုဏ်ဂူတော်ကြီး၏ အတွင်းဝယ် အလွန်တရာလှပ ဆန်းကြယ်စွာသောရတနာတို့ဖြင့် စီခြယ်အပ်ကုန်သော၊ အလွန်သန့်ရှင်းစင်ကြယ်စွာသော ကျောက်ဖျာထက်၌ ဘုရားရှင် ကိုယ်တော်မြတ်၏ အနိမိတ္တ ကိုယ်တော်စား ရုပ်ပွားတော် မြတ်သည် ကိန်းဝပ်မွေ့လျော် စံနေတော်မူဟန်ကို တည်ထားလေသည်။ ရုပ်ပွားတော်မြတ်၏အထက် ကျောက်စက်ရေကျရာရတနာလိုဏ်၏အလယ်၌စီခြယ်၍ နီလာမြသား ပတ္တမြား အစစ်အရောင်တွေ့ထွေးယှက်ပြီးဇမ္ဗူရာဇ်ရွှေတံတိုင်းငွေတံတိုင်းတို့ဖြင့်ပတ်ဝိုင်းဝန်းရံလျက်ရှိကုန်၏။ အရှင်မဟာကဿပ မထေရ်မြတ်နှင့်အဇာတသတ်မင်တို့ထည့်သွင်းပူဇော်သော ဓာတ်တော်လိုဏ်ကဲ့သို့ သိုက်မြိုက်တင့်တယ် လွန်ဆန်းကြယ်၍ အံ့ဖွယ်မခန်း ထူးဆန်းလှစွာသော ရတနာရွှေကွန်ယက်တို့ဖြင့်ဖြန့်ကြက်မိုးကာ ကုန်ပြီးလျှင်အကြိမ်တရာသွန်းအပ်သော ဇမ္ဗူရာဇ်ရွှေစင်ကို ဘုရားသခင် ကုသိနာရုံမာလာမင်းတို့အင်ကြင်းဥယျာဉ်၌ပရိနိဗ္ဗာန်စံတော်မူဟန်ကိုသွင်းလုပ်ပြီးမှရတနာ ခုနစ်ပါးတို့ဖြင့်စီခြယ်အပ်သောညောင်စောင်း သလွန်တော်နှင့်တကွ ကကုသံ၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမဘုရားရှင်တို့၏ ရုပ်ပွားတော်၊ ဓာတ်တော်၊ မွေတော်တို့ကို ရတနာ



ပန်းတောင်းအတွင်း၌ ရွှေကြုတ်၊ ငွေကြုတ်၊ ပတ္တမြားကြုတ်တို့ဖြင့် ထည့်ပြီးလျှင် သိကြားနတ်မင်းတို့ ဖန်ဆင်းစီခြယ်ထုလုပ်ကိုးကွယ်အပ်သောနီလာ၊ ဂေါမုတ်၊ ဥဿဖယားမြသားတို့ဖြင့် စီခြယ်အပ်သော ရွှေစေတီ၊ ငွေစေတီတို့ဖြင့် ထည့်သွင်းကိုးကွယ်၍ အသွယ်သွယ်ကုန်သော ကျောက်မျက်ရတနာတို့ဖြင့် ဖြန့်ကြဲ စီခင်းလျက် သိကြားနတ်မင်းတို့နှင့်တကွဗြဟ္မာမင်းတို့မှစ၍ ကုသိုလ်အကျိုး ပွံ့ဖြိုးစေအောင် တည်ထားဆောင်ရွက်၍ နေ၁၆ သာသနာ ငါးထောင်တိုင်အောင် တည်တံ့ပါစေ ကုန်သတည်းဟု သစ္စာဓိဋ္ဌာန်တော်မူပြီးမှ ဓာတ်တော် လိုဏ်မုခ် တံခါးတို့ကို ပိတ်တော်မူကုန်သည်ဟု အရှင် အရေယံ မထေရ် မိန့် တော်မူကြောင်း ရှေးမူဟောင်းတွင် တွေ့ရှိရပါသည်။

## အံ့ဖွယ်သရဲ ထူးကဲသော လိုဏ်ဂူတော်

ဂန္ဓမာဒနတောင်၊မြမွေးတောင်၊ နဂါးရစ်တောင်၊နတ်လှည့်တောင်၊ ဂီတ၊ကုတဂိရိပဗ္ဗတ၊ ဝေဘာလဝေဘူလစသည့်တောင်၊ ပုလဲတောင်၊ တောင်ပုလုတောင်၊ ရွှေတောင်ဦးတောင်၊ မြစိမ်းတောင်၊ မင်းမွေးတောင်၊ ရွှေသာလျောင်းတောင် စသည့် များမြောင် တောင်တကာတို့၏အလယ်၌ တင့်တယ်စွာ ဖိုးမောက်၍ လျောက်ပတ် တင့်တယ် လွန်မင်းစွာ ဆန်းကြယ်သော အံ့ဖွယ်လည်း ရှိပါပေ၏။ ထိုမှတဖန် သိကြားစသည့် ဝေဇယန္တာ ပမာပုံပြ၊ မဟာသုဒဿန၊ အယုဇ္ဈနတ်တိုင်း၊ ညို့မှိုင်းရစ်ဆို့၊ ကာလစ်မြို့ကဲ့သို့ ဥပမာလည်းရှိပေ၏။ ထို့ပြင်တထူး ငုံဖူးယှက်သည့်မြက်

www.burmeseclassic.com



နှယ်စိမ်းရှင်၊ သဇင်ပန်းမျိုး၊ ဓေတာစိုးပင်မင်း၊ အင်ကြင်း ဂန္ဓမာ၊ ပန်းတကာတို့ လက်ယာရစ်ငိုက်၊ ဦးဖြင့် ခိုက်၍ ပူဇော်ခြင်းလည်း ရှိပါပေ၏။

တောင်တော် မကိုဋ် သရဖူဝယ် နတ်လူ စက္ခု ရှေးထုံ၍ မရ ရှုမဝနိုင်သော လိုဏ်ဂူတော်ကြီးသည် အလိုအလျောက် မတည်ဆောက်ပဲ ပေါ်ပေါက်ဆန်းကြယ် လွန်မင်းစွာသော အံ့ဖွယ်လည်းရှိပေ၏။ ထိုမှတပါး မြတ်စွာဘုရား ကိုယ်တော်၏ ပါဒ ခြေတော်စုံ၏ အောက် ဆယ်လဲလောက်မှာ အံ့၍မဆုံး ရတနာ ကျောက်တုံးကြီးတို့ဖြင့် ပတ်ဖုံးကာရံ အုပ်ဖုံးစေပြီးမှ လူသူ မှန်သမျှ ကြက်သီးထလောက်အောင် လောကတခွင် နှိုင်းယှဉ် မရ လွန်မင်းစွာ ဆန်းကြယ်လှသော ရတနာဝေယျ လိုဏ်ဂူ တော်အဝမှာ ထိတ်စရာ ကြောက်ခမန်း အလွန်တရာ ထူးဆန်း သည့် နတ်လမ်းသဖွယ် ငုံ့လျှိုး၍ တန်ခိုးဖြင့် ကွယ်အပ်သော လိုဏ်ငယ်တခုလည်း ရှိပါပေ၏။ ထိုလိုဏ်ငယ်တွင် အတွင်းကျမှ အံ့စရာမဆုံးတလောကလုံး အဆုံးအစနှိုင်းမရအောင် မြတ်ဘုရား ၏ သာဝကမည်လာ ရဟန္တာမထေရ်မြတ်တို့ နိရောဓသမာပတ် ဖြင့် ကိန်းဝပ်တော်မူရာ ရဘနာလိုဏ်ဂူတော်ငယ်လည်း ဖြစ်ပါ သည်။

ထိုမှတပံ မကြုံစဖူး ထူးမြတ်လှစွာ ရတနာယရလိုဏ်ဂူဝတွင် ရာဇကြိုပ်တိုင်း ညီ့မို းပြာမို ဌာနီရာဇ ငွေပြတန်ကြက် ဝေလျှံ တက်သည့် ကနက်ဘုပ်၊ ဘဇာတသက်မင်း ပျော်ခင်းစံသည့်

ဝေယံဘုံဟ လိုဏ်ဝန္နမှ ပမာတူအောင် ယူဆောင်လာပြီးပင် စရည်းကိုပင့်ပြီးဆောင်လာ မိုးဂူနွှာသည် နောင်လာ မြား မြောင် ငါးထောင်သာသနာ တည်ပါစေဟု သစ္စာပြုလျက် မိဋ္ဌာန်ချက်ဖြင့် လိုဏ်ထက်ရှေ့ဂူ ထီးမြှုပမာ စိုက်ထူရာကို ဗြဟ္မာ နတ်လူ သုံးဘုံလူတို့ ကြည်ဖြူစိတ်တွင် မနှိုင်းယှဉ်သာ အံ့ဖွယ်ရာ တည့်။

မြတ်စွာဘုရား ဂုဏ်တော်အားလည်းပြောကြားမဆုံး လော ကလုံးဝယ် ရှိုက်ချုန်းခဲ့ဆဲဘ်တီး ပဲ့ တင်ဟည်းမျှမည်ဟည်းပေါ် လာ တောင်သေလာကို ခွေကာရစ်ပတ် အနောဒတ်ဖြင့် ရေ ရဟာတ်တက်ဆင်း ထိခေတ်တော်လိုဏ်ဂူတော်အတွင်း၌ လွန်မင်း စွာ ဆန်းကြယ် ရှစ်ပါးသော အံ့ဖွယ်တို့ဖြင့် တင့်တယ်လှစွာ သော ရတနာစီခြယ် ညောင်စောင်းတော် သလွန်သာဝယ် မြောက်အရပ်မှ ရှေးရှု ဦးခေါင်းတော် ပြုပြီးလျှင် အနောက် တူရူ မဖွဲ့မရပ်ဒီသာသို့ ရွှေမျက်နှာတော် လှည့်ထား လက်ျာ တော်နံပါးဖြင့် မြတ်ဘုရား ကိန်းစက်တော်မူဌာားပြီးမှ ဝင်စား သော သမာပတ် ရေထွက်မှတ်ကျမ်းအလာ ကုဋေပါတွက်ကိန်း နှစ်သိန်းနှင့် ဖလးသောင်း ဝင်စားပြီးမှ ရှေးမိလာတူကဲ့ ဝိသာ ခါပုဏ္ဏမ ရက်ဇာတိထိသောမ ကဆုန်လပြည့်အခါ နေ့အင်္ဂါအကျ နေ့ အရှက်အကြွဝယ် အနိစ္စတရားကို မြတ်ဘုရား မလွန်နိုင်၍ မြဲမခိုင်ခန္ဓာ ဆင်းရဲစွာ ဒုက္ခစိုးမရသော ဤခန္ဓာကိုယ်ကို အလို သို့မကျ အနတ္တအစုသာဖြစ်၍ အနုပါဒိသေသ နိဗ္ဗာနဓာတ် ပရိနိဗ္ဗာန်ဝင် စံတော်မူဟန်ကို ရုပ်တုတော်စိမ့်၍ ရောင်တော်ပျံ့၊

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုရား ကိုးပါးသောနဝရတ်တို့ဖြင့် စီခြယ်အပ်သော ရုပ်ပွားတော်မြတ်ကြီး၏ လှန်မင်းစွာ သပ္ပါယ် မှုစ်ပါးသော အံ့ဖွယ်ဖြင့် တင့်တယ်တော်မူပေထသော ရှင်မဟာကဿပ မထေရ်မြတ်သည် မြတ်ဗုဒ္ဓချစ်ရှင် ပြည်နိဗ္ဗာန်ဝင်ပြီးနောက် လပြည့်ကျော်ထွက်မြောက်၁၂ ရက်ရောက်ကာမှ အံ့လောက်သည့်မထေရ်ခြေတော်မြတ်အစုံကို ရှစ်ကြောင့် ဖူးမြော်၍ ပူဇော်ပြီးလျှင် လောကီမီး မစပ်လာ ဓာတ်တေဇောလောင်ကာဝယ် ရဝိဝါရေခေါ တွေ့ ဂဠုန်မင်းနေ့ ချမ်းမြေ့သည့်အခါ ဓာတ်တော်မြတ်ကြွင်းကျန် ရှစ်ပြည်ထောင် မင်းတို့အား ဝေဖန်တော်မူပြီးမှ ကျန်သမျှ ဓာတ်တော်ပေါင်းတို့ကို ရတနာ ရွှေပန်းတောင်းတို့ဖြင့် ထည့်လောင်းတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်နှင့် မဟာကဿပမထေရ်မြတ်တို့သည် ဓာတ်တော်မြတ်ထားရာ ရတနာတိုက်ခန်းကဲ့သို့ တင့်ဆန်းစွာ စီရင်စေပြီးလျှင် များဝေနေ လူအပေါင်းတို့အား ကရုဏာတော် ရွှေထားသဖြင့် ပင့်ငြားဆောင်ယူ ဓာတ်တော်မြတ်ရှစ်ဆူကို နန္ဒမူပမာဏ လိုဏ်ဂူတော် ထက်ဝတွင် မိုးကုန္ဒာဖန်ရာ ရွှေတံတိုင်း ရစ်သိုင်းကာသည့် ရတနာရွှေကန် ကျောက်မျက်ရွှဲပုလဲသဏ္ဍာန်သို့ ဝင်းလျှံရောင်သန်း ဓာတ်တော်ပေါင်း ကိန်းဝပ်တော်မူရာ ရတနာတိုက်ခန်း၌ ထူးဆန်းသော အံ့ဖွယ် ရေကန်တော်အလယ်ဇာင် ကျုံးသဖွယ် သဏ္ဍာန် အနေဒတ္တာရေပြည့်လျှံ၍ ကြိမ်ကြိမ်ဖန်ဖန် စီးရောက် လိုဏ်ဂူတော်တွင်းအောက်သို့ တပေါက်တပေါက်ကျဆင်းသော ကျောက်စက်ရေခေါ် အနေဒတ္တာရေကြည်တော်သည် အလှန်ပင် ထူးကဲလှသော အံ့ဖွယ်လည်းရှိထသော ဘောဂ



ဝတီညီ ကာမှုင်းသည့်တိုင်းဌာနီမှလူ ပြည်တလျှောက် နတ်လမ်းဖောက်၍ မိုးအောက်မြေပြင် ဤလူ့ခွင်ဝယ် နှိုင်းယှဉ်စရာ မရှိသာအောင် ကုဋ္ဌာမည်ငြား နတ်နဂါးတို့ ရောက်ငြားပန်းမြေ ရေတွက်နေ၍ ကျင့်လေသီလ ဆောက်တည်ကြသည်။ ထိုမှတဖန် သပြေပင်မှ နတ်ရေကျနှင့် တကွ ပေါင်းရုံး အံ့မဆုံးအောင် သောင်းလုံးစကြဝဠာ အံ့ဖွယ်ရာကို များစွာဗိုလ်လူ မှတ်ယူနာလွယ် ကြပါစေကုန်သတည်း။

ဓာတ်တော်သမိုင်း ဤတွင်ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

## ခေတ်တော် လိုဏ်ဂူတော်၏ အံ့ဖွယ်ကိုးပါး

၁။ ဘဒ္ဒ ကမ္ဘာမှာဖြင့် မှတ်ကြစေရာ ကျောဇူးပြုရလျှင် ရှေးဦးအစ မှန်စွာဟလိုက်တော့ သယံဇာတ ဤကျောက်လိုဏ်ဂူတော်ကြီးသည် အလိုအလျောက်ပေါ်ပြီးလျှင်ပြိုင်နမူနာရှားကာ လိုဏ်ဂူဘုရားမှာဖြင့် တမျိုးတံမည်ကျော်လို့မို့ တန်ခိုးကြီးတော်မူသော အစစမှာ သပ္ပာယ်ရှားပါတဲ့ ပထမ အံ့ဖွယ်တပါး။

၂။ ထိပ်တန်းအနေထားပါတဲ့ စိမ့်စမ်းရေများစွာ တသွင်သွင်ကျကာ အနှောင့်အယှက် မခိုရာ နှောင်မပျက် ရအောင် ကျောက်ခက်ကျောက်တက် ကျောက်ပန်းတွေ ဆိုတာ အရှည်နှောင်ဆန်းစေဖို့ ရွှေရောင်သန်းကာ နောက်မနှောင်း ရအောင် ကျောက်စည် ကျောက်ခေါင်းလောင်းများကဲ့သို့ တီးလိုက်လျှင် အသံသာယာစွာ ကြားရပါတဲ့ ဒုတိယ အံ့ဖွယ်တပါး။

၃။ ပြိုင်စံနမူနာကင်းပါတဲ့ လိုဏ်ဂူအတွင်း အထက် အမိုးဝဋ္ဋာ တခွင်မှာ တန်ခိုးဖြာလိုက်ပုံက မြက်အမှိုက် မိုးမလာပါ၊ မွှေစစ်လင်းရလျှင်ဖြင့် အညစ်အကြေးကင်းကာ နတ်သိကြားဝင်ရှင်းသလိုပ ဘုရားအရှင်သနင်း၏ တန်ခိုးတော် ပြည့်ပါတဲ့ တမျိုးနော်အံ့ဖွယ်ရှိပါလို့ တတိယ အံ့ဖွယ်တပါး။



၄။ ဂနိုင်သူပျော်ကင်းလို့မို့ လိုဏ်ဂူတော်အတွင်းသို့ သက်ဆင်းကြပါတဲ့ ဘုရားဖူးများစွာတို့မှာ နေ့ရောညပါ နေဝင်ကနေထွက်တိုင် မရေမတွက်နိုင်အောင် ပျော်စရာ စားစရာတို့ဖြင့် အဖော်သဟာများစွာတို့ပါ တရားအထူးရှာရန် ဘုရားဖူးများစွာလူအတော် ဆင်းသော်လည်း ဂူတော်အတွင်းမှာ ခြေရာတွေစေပေမယ့် နေစရာမရှိပါဟု ပြောသံမကြားရပါဘူး စတုတ္ထအံ့ဖွယ်တပါး။

၅။ အစိန္တိတ ဘုရားသခင်ကို ချိန်ညှိဆကာ အဟုတ်ဘုရားမြင်ကြ၍ ရုပ်ပွားတွင် ကိုးကွယ်မည်ဟု မညှိုးငယ် ရအောင် အကြောင်းတော် ထားခဲ့လို့ လျောင်းတော်ဘုရားကို ရှင်လန်းမြတ်သဒ္ဒါနှင့် သက်နှင်းတော်ကပ်ရန် အလံအတောင်အထွာတို့ကို မှန်ကန်အောင် အတိအကျမှတ်သားသော်လည်း အခါက ဘုရားသခင်မှာ တန်ခိုးလျှံတော် မူသောကြောင့် အချိုးမမှန်အောင် အထင်ကရမှတ်သားစရာပြုပါတဲ့ ပဉ္စမအံ့ဖွယ်တပါး။

၆။ ပသာဒ လိုဏ်ဂူတော်ဟာ အရာရာ ပြိုင်သူ မပေါ်လာ ယခင်ရေးအခါက ဘဝအေးရှာကြ၍ ယဉ်ကျေးစွာ ဘိက္ခုအရှင်တို့ကောင် စိတ်မပူပင်ရအောင် လာသမျှလူအားပေါင်းတို့က ဘာမျှမပူကြောင်း သိကြားနတ် အထူးတို့မှာ ဘုရားမြတ်ဖူးဖို့ရာ အဝင်အထွက်မပြတ်တာကြောင့် အစဉ်အဆက်မှတ်စရာ ကမ္ဘာတွင် သိကြစေဖို့ ဆရာရှင်ဝိမလက ဗုဒ္ဓ သမိုင်းကို ဟုတ်သမျှမဆိုင်းကာ ရှင်သုမန ခိုင်းတာပ အရပ်ရပ်ပြန့်ပွားစေရန်ပြုပါတဲ့ ဆဋ္ဌမ အံ့ဖွယ်တပါး။

www.burmeseclassic.com

www.burmeseclassic.com



၇။ သေလပဗ္ဗတွင် ခြေရာ မလပ်ရအောင် မပြတ်ဝင်ကြသော်လည်း မှက်၊ ခြင်၊ ယင်ဆိုတာ မှုချမှလာပ့ါဟု ဒုက္ခအဖြာဖြာ အခြေအနေရှင်းတာမို့ နေပူကင်း၍ လေပြင်းမလာသည့်အပြင် နွေချင်းပြန်တို့ဟာ အနှောင့်အယှက်မပေးတာကြောင့် အထက်အောက် မြို့ရွာမှ ဘုရားဖူးတို့ဟာ အခေါက်ခေါက် အခါခါ ရောက်လာကြပြီးလျှင် သဒ္ဓါပေါက်ကာ ဘုရားဂူ အတွင်းမှာ တအားအလှူများပါတဲ့ သတ္တမ အံ့ဖွယ်တပါး။

၈။ ဝိဇ္ဇာ ဇော်ဂျီ တပသီတို့နှင့် နတ်လူတို့ ပျော်အောင် ဇမ္ဗူကျော်ကင်းတာက ဂူတော်အတွင်းမှာ သဒ္ဓါတောက်ကြပြီး လာရောက်ကြတဲ့လူခပင်းတို့မှာ အပူကင်းဖို့ရာအခြေမပြတ်တာက သပြေရေထွက်ဟာ တောင်ခြေစခန်းမှာလ နှောင်အရှည်မပန်းစရာ မပြတ်သန်းတာက ဟိုအထက်နတ်ကနက် သိကြားဖန်သလိုပအရသာ ချိုမြိန်ကာ အေးမြသည့် နတ်ရေအလျဉ်သည် အလိုအလျောက်တသွင်သွင်စီးလာရပါတဲ့ အဋ္ဌမ အံ့ဖွယ်တပါး။

၉။ ခေတ်တော်တောင်ဘုရားပွဲခင်းမှာ အမျှားနဲ့ ကျင်းပ၍ ဥတ္တရာဒီသာမှာ ဒုက္ခ အလီလီ အလာလာ ညှိုးပေသမျှတို့ကို ရှင်းလင်းရအောင်ပ ကတိုးရေထွက်ဆိုတာ မဟာကမ်းပါးယံက ဖြုဟ္မာဖန်သလို ဟိုရှေးအခါကတည်းက ချိုအေးမြစွာ အနံ့အရသာတော်တာမို့ နတ်ရေစင်ကို ငုပ်လျှိုးရောက်လာကာ အဟုတ်တန်ခိုးတောက်ဖြာတာမို့လို့ ကိုးခါပြည့်တာကို မှတ်ကြပါစို့၊ အို....သူတော်စင်တို့ရဲ့ နဝမ အံ့ဖွယ်တပါး။